

International Labour Organization

1919·2019

# မြန်မာ့အထည်ချုပ်လုပ်ငန်းရှိ အမျိုးသမီးများ၏ ဇာတ်လမ်းအကြောင်းအရာများ

## ဒေါ်ခိုင်ခိုင်နွယ်

Best Industrial Co., Ltd. ပိုင်ရှင်

အထည်ချုပ်လုပ်ငန်းကဏ္ဍအတွေ့အကြုံ- ၃၀ နှစ်

လက်ရှိရာထူး အတွေ့အကြုံ- ၂၇ နှစ်

ဒေါ်ခိုင်ခိုင်နွယ်သည် မိမိကိုယ်မိမိ လေးစားမှုကို တန်ဖိုးထားသည့် အမျိုးသမီးတစ်ယောက်ဖြစ်ပါသည်။ သို့သော်လည်း သူမပြောသော လေးစားမှုဆိုသည်မှာ လူတစ်ယောက်ကို လွှမ်းမိုးချုပ်ကိုင်လိုခြင်း သို့မဟုတ် ဒေါသသံစွက်သော စီမံအုပ်ချုပ်မှု ပုံစံဖြင့် အုပ်ချုပ်ခြင်း မဟုတ်ပါ။ အမှန်စင်စစ်အားဖြင့် လေးစားမှုဟူသည် သူမ၏ အသက်မွေးဂမ်းကြောင်းလုပ်ငန်းစဉ်တစ်လျှောက် မည်မျှ အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည့်အပေါ် နားလည်သဘောပေါက်ခြင်းမှ မွေးဖွားလာခြင်းပင် ဖြစ်သည်။ ဖျက်လတ်တက်ကြွဆဲဖြစ်သော အသက်ခြောက်ဆယ်အရွယ် အမျိုးသမီး ဒေါ်ခိုင်ခိုင်နွယ်သည် အထည်ချုပ်လုပ်ငန်းကဏ္ဍတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ တိုက်ပွဲဝင် လုပ်ဆောင်လျှက်ရှိသည်။ သူမထံတွင် နှောင့်နှေးသွားသည့် လက္ခဏာ သို့မဟုတ် အားလျော့သည့် လက္ခဏာမျိုး စိုးစဉ်းမျှ မတွေ့ရပေ။

သူမနှင့်လုပ်ငန်းတူမိတ်ဆွေများက သူမ၏ စီးပွါးရေးပိုင်းဆိုင်ရာ ခေါင်းဆောင်မှု အရည်အသွေးကို လေးစားတန်ဖိုးထားကြသဖြင့်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ၂၀၀၉ ခုနှစ်၌ Central Executive Committee (CEC) အဖွဲ့ဝင်အဖြစ်လည်းကောင်း ၂၀၁၁ ခုနှစ်၌တွဲဖက် အထွေထွေအတွင်းရေးမှူး အဖြစ်လည်းကောင်းသူမကို ရွေးချယ်ချီးမြှောက်ခဲ့ကြသည်။ဒေါ်ခိုင်ခိုင်နွယ်သည် ပထမဆုံးသော အမျိုးသမီး အထွေထွေ အတွင်းရေးမှူး ဖြစ်ပြီး မြန်မာ့အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ကိုယ်စားလှယ်အဖြစ် သုံးကြိမ်ဆက်တိုက် ရွေးချယ်ခြင်းခံခဲ့ရသူလည်း ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်နွယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCCI) တွင် လူမှုတာဝန်သိ လုပ်ငန်းများ၏ အမှုဆောင် ကော်မတီ အဖွဲ့ခေါင်းဆောင်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း၏ အထွေထွေ ညီလာခံတွင် ခြောက်နှစ်တိုင် လုပ်ငန်းရှင် ကိုယ်စားလှယ်အဖြစ် ထမ်းဆောင်ခဲ့သည်။ သူမသည် အာရှတိုက်ရှိ လူမှု တာဝန်သိ လုပ်ငန်းများ၏ ယုံကြည်မှုဆိုင်ရာ အပ်နှံခံရသော အဖွဲ့ဝင် ၊ United Nations Global Compact Network Myanmar ၏ဘုတ်အဖွဲ့ဝင်၊ မြန်မာ့အသက်မွေးဂမ်းကျောင်းမှုပိုင်းဆိုင်ရာ ဒါရိုက်တာအဖွဲ့၏ ဘုတ်အဖွဲ့ဝင်၊ စက်ချုပ်အတတ်ပညာနှင့် ကြီးကြပ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများကို သင်ကြားပေးနေသော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်ရေး စင်တာ၏ သဘာပတိလည်း ဖြစ်သည်။ ဒေါ်ခိုင်ခိုင်နွယ်သည် သူမ၏အထည်ချုပ်စက်ရုံဖြစ်သော Best Industrial Co. Ltd. တွင်လည်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဒါရိုက်တာ အဖြစ် အချိန်ဖွဲ့၍ လုပ်ဆောင်လျှက်ရှိပါသည်။

သူမ၏ ကိုယ်ရေးရာဇဝင်ကို ကြည့်ရုံဖြင့် ဒေါ်ခိုင်ခိုင်နွယ်သည် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း မြင့်မားသော ၊ ပင်ကိုယ်စွမ်းရည်ရှိသော ၊ အမြဲတစေ အလုပ်များနေသော အမျိုးသမီးတစ်ယောက်ဆိုသည်မှာ ယုံမှားသံသယ ရှိမည် မဟုတ်ချေ။ သူမအား နောက်မျိုးဆက်သစ်လူငယ် အမျိုးသမီးများအတွက် စံပြတစ်ဦးအဖြစ် မိမိကိုယ်မိမိ ယူဆပါသလား ဟု မေးသော အခါတွင်မူ သူမက ထိုမေးခွန်းကို တိုက်ရိုက်မဖြေဆိုခဲ့ပါ။ ထိုအစား ဒေါ်ခိုင်ခိုင်နွယ်က သူမ ယူဆလက်ခံထားသည်မှာ သူမ၏အောင်မြင်မှုကို တခြားသော သူများနှင့် နှိုင်းယှဉ်ခြင်းမဟုတ်ဘဲ သူမကိုယ်သူမဖြင့်သာ တိုင်းတာစမ်းစစ်ကြောင်း သွယ်ဝိုက်၍ ထောက်ပြဖြေကြားခဲ့ပါသည်။

**" ကျွန်မက ကျွန်မကိုယ်ကျွန်မ အမြဲမေးပါတယ် ။ ပြီးခဲ့တဲ့ ငါးနှစ်နဲ့ ယှဉ်လျှင် အခုချိန်မှာ ကျွန်မ ဘာတွေပြောင်းလဲအောင်လုပ်ဆောင်နိုင်ခဲ့သလဲ။ ပြီးခဲ့တဲ့ ဆယ်နှစ်နဲ့ယှဉ်လျှင် ခုချိန်မှာ ကျွန်မ ဘာတွေပြောင်းလဲအောင်လုပ်ဆောင်နိုင်ခဲ့လဲ။ ဘယ်လောက်ထိ ကျွန်မ တိုးတက်လာခဲ့သလဲ။ ဒီနည်းနဲ့ပဲ ကျွန်မရဲ့ အောင်မြင်မှုကို အမြဲ စမ်းစစ်တိုင်းတာပါတယ် "**

ဒေါ်ခိုင်ခိုင်နွယ်သည် ၁၉၉၁ခုနှစ်၊ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် စတင်ရင်းနှီးမြှုပ်နှံခဲ့သော တောင်ကိုရီးယားနိုင်ငံ အခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် ဒေဟူး စက်မှု ကုမ္ပဏီ၌ ဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် သူမ၏ အသက်မွေးဂမ်းကြောင်းလုပ်ငန်း ကို အစပျိုးခဲ့သည်။ ထိုအချိန်တွင် ဒေါ်ခိုင်ခိုင်နွယ်သည် ရန်ကုန်တက္ကသိုလ်တွင် သတ္တဗေဒအဓိကဖြင့် မဟာဘွဲ့ကို ရရှိထားပြီး သူမ၏ မဟာဘွဲ့ စာတမ်းကို ဆေးသိပ္ပံ သုတေသန ဌာနတွင် ပြုလုပ်ခဲ့သည်။ သူမသည် ဆေးဝါး သုတေသန ဖွံ့ဖြိုးရေး စင်တာတွင် အလုပ်လုပ်ကိုင်နေစဉ်အတွင်း သူမ၏ ပညာရေးကို ဆက်လက်တိုးတက်အောင်လုပ်ရန် စိတ်အားထက်သန်နေခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သော ဒေဟူး တွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံဖြင့် ပါရဂူဘွဲ့ (PhD) အတွက် ဆက်လက်လေ့လာနိုင်ရန် နိုင်ငံခြားသို့သွားရောက်ခဲ့သည်။ ဤသို့ဖြင့် ဘန်ကောက်ရှိ Assumption University တွင် စီးပွါးရေးသုံး အင်္ဂလိပ် စာဘာသာရပ်ကို သင်ကြားနေစဉ်အတွင်း အမေရိကန်ပြည်ထောင်စုသို့ အခြားသော ပညာရေး အခွင့်အလမ်းများ ရှာဖွေရန် အလို့ငှာ ခရီးထွက်ခဲ့သည်။

ကံမကောင်းစွာဖြင့်ပင် သူမ အမေရိကားမှ ဘန်ကောက်သို့ ပြန်ရောက်ပြီး



မကြာခင်တွင် နေမကောင်းဖြစ်ခဲ့သည်။ ထို့ကြောင့် သူမ PhD အတွက်လေ့လာသင်ကြားလျက်ရှိနေစဉ်တွင်ပင် အနားယူရန်အလို့ငှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး အသစ်တည်ဆောက်သော ပျဉ်းမပင်စက်မှုဇုန်ရှိ ဒေပူးစက်ရုံသို့စီမံခန့်ခွဲမှုပိုင်း ရာထူးဖြင့်ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ သူမအနေဖြင့် သူမစိတ်ဝင်စားသည့် ဆေးသုတေသနပညာရပ်ကို ချန်ထားရစ်ခဲ့ပြီး အထည်ချုပ်ကဏ္ဍတွင် သူမ၏အသက်မွေးဝမ်းကြောင်းအသစ်ကို အပြီးတိုင်ပြောင်းလဲ လျှောက်လှမ်းခဲ့သည်။ သို့သော်လည်း ဒေါ်ခိုင်ခိုင်နွယ်သည် သူမလေ့လာခဲ့သော သုတေသနအတတ်ပညာများက သူမ၏ အနာဂတ် အသက်မွေးဝမ်းကြောင်းတွင်လည်း များစွာ အသုံးဝင်ကြောင်း တွေ့ရှိခဲ့ပါသည်။

စက်ရုံတွင် အလုပ်လုပ်ကိုင်ရခြင်းက ဒေါ်ခိုင်ခိုင်နွယ်အတွက် အဖိုးမဖြတ်နိုင်သော သင်ယူလေ့လာစရာ အတွေ့အကြုံတစ်ခုလည်း ဖြစ်ပါသည်။ " အထည်ချုပ်စက်ရုံမှာ ရုံးအလုပ်လုပ်ခဲ့တုန်းက ကျွန်မက ဌာနပေါင်းစုံနဲ့ အလုပ်လုပ်ရတယ်။ ဒါကြောင့်လည်း ထုတ်လုပ်မှု လုပ်ငန်းငန်းစဉ်အကုန်လုံးကို အဘက်ဘက်ကနေ သင်ယူလေ့လာနိုင်ခဲ့တယ်။ စက်ရုံဘက်မှာ အလုပ်လုပ်တော့လည်း ထုတ်လုပ်မှုပိုင်းနဲ့ ရုံးလုပ်ငန်းပိုင်း နှစ်ခုစလုံးက အလုပ်သမားတွေရဲ့ အခက်အခဲတွေကို နားလည်ဖို့ လေ့လာခဲ့ပါတယ်။ " ထိုအချိန်တွင် ဒေါ်ခိုင်ခိုင်နွယ်၏ ဦးဆောင်လမ်းပြဖြစ်သူက သူမ၏ အလားအလာရှိမှုကို သိမြင်သဖြင့် သူမအား ကိုယ်ပိုင်စီးပွါးရေးတစ်ခု စတင်ရန် အားပေးခဲ့သည်။

**" ကျွန်မရဲ့ ဦးဆောင်လမ်းပြဖြစ်သူက ကျွန်မကို ပြောခဲ့ဖူးပါတယ်...ကျွန်မ အောင်မြင်လာတဲ့အခါ ကိုယ့်အိပ်မက်တွေကိုပဲ တစိုက်မတ်မတ် အကောင်အထည်ဖော်ပြီး ကိုယ့်ကိုယ်ပိုင်အယူအဆ အတွေးအခေါ်တွေနဲ့ပဲ ကြိုးစားအားထုတ်ပါ တဲ့။ ကျွန်မကလည်း သူအကြံပြုတဲ့ ဒီအယူအဆလေးကို အတော်သဘောကျခဲ့တယ်။ ဒီအတိုင်း လက်ခံကျင့်သုံးဖို့လည်း ဆုံးဖြတ်ထားခဲ့တယ် "**

ဒေါ်ခိုင်ခိုင်နွယ်သည် သူမစုထားသောငွေဖြင့် အပ်ချုပ်စက် အလုံး ၂၀ ဝယ်ပြီး အလုပ်သမားအနည်းငယ်ဖြင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို စတင်ခဲ့သည်။ ယှဉ်ပြိုင်မှုများသော စီးပွါးရေးလောကထဲတွင် စတင်ခြေချသည့်အချိန်မှစ၍ သူမအတွက် နောက်ပြန်လှည့်ဖို့ လမ်းမရှိတော့ပေ။ သူမ၏ တီထွင်စမ်းသစ်သော စိတ်ကူးတစ်ခုက အထည်ချုပ်စက်ရုံကြီးများမှ ပယ်ထည်များကိုဝယ်ယူပြီး ပြန်လည်ချုပ်လုပ်ရောင်းချရန်ဖြစ်သည်။ ယခုလိုပြန်လည်ချုပ်လုပ်အသုံးချခြင်းက စွန့်ပစ်ပစ္စည်းများ အလေအလွင့်ဖြစ်မှုကို လျှော့ချနိုင်ရုံသာမက မိမိစက်ရုံအတွက်လည်း အကျိုးရှိစေနိုင်ကြောင်း သူမ သိမြင်ခဲ့သည်။ သူမ၏ ဒေပူးမှ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံ၊ စနစ်တကျ တီထွင်ကြံဆ အသုံးချတတ်သော သုတေသနဉာဏ် စသည်တို့ကို ပေါင်းစပ်ခြင်းဖြင့် စက်ရုံထွက် စွန့်ပစ်အထည်များမှ အကျိုးအမြတ်ရသည့် စနစ်တစ်ခုကို တဖြည်းဖြည်း ပြောင်းလဲ လုပ်ဆောင်နိုင်ခဲ့သည်။

သူမ၏စီးပွါးရေးလုပ်ငန်းမှ အမြတ်အစွန်းစတင်ရရှိလာပြီး အလုပ်သမားအရေအတွက်လည်း ပိုမိုခန့်ထားခဲ့နိုင်သောအခါ ဒေါ်ခိုင်ခိုင်နွယ်နှင့် သူမ၏ စီးပွါးရေး မိတ်ဖက်များ စုပေါင်း၍ စွန့်စွန့်စားစားဖြင့်ပင် Best Industrial Co. Ltd. ကို ၁၉၉၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံအား နိုင်ငံတကာမှ စီးပွါးရေးပိတ်ဆို့မှုများက နှစ်အနည်းငယ်ကြာတဲ့အထိ စီးပွါးရေးလုပ်ငန်းများလည်ပတ်ရန် အခက်အခဲ ဖြစ်စေခဲ့ပါသည်။ ထိုအချိန်ကာလအတွင်း အခြားသော အထည်ချုပ်လုပ်ငန်းများ ရုတ်သိမ်းသွားကြသော်လည်း ဒေါ်ခိုင်ခိုင်နွယ်ကမူ သူမ၏ စီးပွါးရေးနှင့် လုပ်ငန်းကဏ္ဍအပေါ် ယုံကြည်မှုထားရှိကာ အောင်မြင်မှုအတွက် အချိန်၊ငွေနှင့် အားထုတ်မှုများဆက်လက် ရင်းနှီးမြှုပ်နှံခဲ့သည်။

ဒေါ်ခိုင်ခိုင်နွယ် ငယ်ရွယ်စဉ်က အထည်ချုပ်လုပ်ငန်းတွင် ဤကဲ့သို့အဆုံးစွန်ထိလုပ်ကိုင်ရန် ဘယ်တုန်းကမျှ စိတ်မကူးခဲ့ပါ။ သို့သော်လည်း သူမအနေဖြင့် အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် မယုံနိုင်လောက်အောင် အောင်မြင်သော အသက်မွေးဝမ်းကြောင်းတစ်ခု သူမကိုယ်တိုင် တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်သည်။ နောက်မျိုးဆက်သစ်များအတွက် သူမ၏ အကြံပေးချက်မှာ " လူတစ်ယောက်အတွက် ကိုယ့်ရဲ့ငယ်ဘဝက စိတ်ပါဝင်စားတဲ့ဂါသနာအတိုင်း အလုပ်လုပ်ဖို့ အခွင့်အရေး မရတာနဲ့ပဲ ဘဝကြီးက အဆုံးသတ်သွားတာမဟုတ်ပါဘူး။ စိတ်ကောင်းစေတနာကောင်းနဲ့ အလုပ်ကြိုးစားမယ်ဆိုရင် ဘယ်အသက်မွေးဝမ်းကြောင်းအလုပ်နဲ့မဆို အောင်မြင်နိုင်ပါတယ် "။

ဒေါ်ခိုင်ခိုင်နွယ်၏ အလုပ်အချိန်ဇယားမှာ အမြဲ ပြည့်နှက်နေပါသည်။ သူမက လုပ်ငန်းများကို အစီအစဉ်ချရန်နှင့် အရေးကြီးသည်များကို ဦးစားပေးစီစဉ်နိုင်ရန်အတွက် သူမ၏ အလုပ်အစီအစဉ်များကို နေ့စဉ် မနက်ခင်းပိုင်းတွင် စစ်ဆေးကြည့်ရှုပါသည်။ သူမ၏များစွာသော လုပ်ငန်းတာဝန်များပြီးစီးအောင်လုပ်ရန်အတွက် ည ကိုးနာရီ ဆယ်နာရီအထိ



အလုပ်လုပ်လေ့ရှိပါသည်။ သူမ၏ဝန်ထမ်းများကတော့ သူမ မည်မျှ အလုပ်များကြောင်းသိသဖြင့် သူမအား နေ့လည်စာစားရန်သော်လည်းကောင်း၊ ခနအနားယူရန်သော်လည်းကောင်း မကြာခန သတိပေးပြောယူရလေ့ရှိသည်။ ဒေါ်ခိုင်ခိုင်နွယ်ကလည်း သူမလုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၏ ကူညီထောက်ပံ့ပေးပုံကို " ကျွန်မရဲ့ ဝန်ထမ်းတွေက ကျွန်မအတွက် အများကြီး အကူအညီဖြစ်စေပါတယ် " ဟု ကျေးဇူးတင်စွာ ပြောပြခဲ့ပါသည်။

ဒေါ်ခိုင်ခိုင်နွယ်အား သူမ၏အလုပ်တွင် ယခုကဲ့သို့ အောင်မြင်စေရန်အတွက် ရရှိဖူးသည့် သင်တန်းများအကြောင်းကို မေးမြန်းသောအခါ၌ သူမတွင် သူမ၏မိသားစုဝင်များနှင့် ဆရာ၊ဆရာမများအပါအဝင် ဦးဆောင်လမ်းပြသူများ များစွာ ရှိခဲ့ကြောင်း ပြောပါသည်။ တက္ကသိုလ်တွင် သူမအား သုတေသနအတွေးအမြင်သစ်များ ၊ နည်းပညာများ နှင့် ထိုးထွင်တီထွင်မှုများ လုပ်ဆောင်နိုင်စေသည့် အဓိက ကျွမ်းကျင်မှုများ လေ့လာခဲ့ရကြောင်းကိုလည်း အသိအမှတ်ပြု ပြောကြားထားပါသည်။ အထည်ချုပ်လုပ်ငန်းနှင့် သက်ဆိုင်သော ကျယ်ပြန့်သည့် ဗဟုသုတများ ရရှိခဲ့သည့် ဒေဂူးစက်ရုံတွင် စတင်လုပ်ကိုင်ခဲ့သော အချိန်များနှင့် MGMA နှင့် ဂျပန်နိုင်ငံ AOTS သင်တန်းစင်တာမှ ရရှိခဲ့သော ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း အကြောင်းများကိုလည်း ရည်ညွှန်းပြောကြားခဲ့ပါသည်။

သူမ၏မိသားစုမှ သူမနှင့် အတူရှိစဉ် အရေးကြီးသော ဘဝသင်ခန်းစာများကို သင်ကြားပေးခဲ့ကြပါသည်။ သူမအား စိတ်ရင်းအမှန်ဖြင့် ပွင့်ပွင့်လင်းလင်းစကားပြောရန် ငယ်စဉ်ကတည်းက နှလုံးသားထဲစွဲသည်အထိ သင်ကြားထားသည်။ ထိုအလေ့အကျင့်ကောင်းက သူမအား စကားပြောပွင့်လင်းသူ၊ ထင်မြင်ယူဆချက်များကို ပြတ်သားစွာ တင်ပြပြောဆိုတတ်သူအဖြစ် ဂုဏ်သတင်းမွှေးစေသည်။ သူမက အကြီးတန်း ရာထူးနေရာများမှ အမျိုးသားလုပ်ဖော်ကိုင်ဖက်များက သူမအား အစစအရာရာ လက်ခံခြင်း၏ အဓိက သော့ချက်မှာ " စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်ခြင်းနှင့် တစ်ပါးသူ၏ မတူသော အတွေးအမြင် အယူအဆများကိုလည်း နားလည်လက်ခံပေးခြင်း " ကြောင့်ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားထားပါသည်။ ဤသဘောထားအမြင်က သူမ၏ အသက်မွေးဝမ်းကြောင်းဘဝ တစ်လျှောက် များစွာအထောက်အကူဖြစ်ခဲ့သည်။ ထိုအချက်က လုပ်ဖော်ကိုင်ဖက်များနှင့်သော်လည်းကောင်း၊ အလုပ်သမားများ နှင့်သော်လည်းကောင်း၊ ဝယ်ယူသူများနှင့်သော်လည်းကောင်း၊ အလုပ်အပ်သူ များနှင့်သော်လည်းကောင်း ဆက်ဆံပြောဆိုရာတွင် မရှိမဖြစ်အရေးကြီးသော ကျွမ်းကျင်မှု တစ်ခုလည်း ဖြစ်ပါသည်။

ဒေါ်ခိုင်ခိုင်နွယ်သည် တစ်စုံတစ်ခု လုပ်ကိုင်ရမည်ဆိုလျှင် ထိုအလုပ်ကို သေချာစွာပြီးမြောက်စေရန်အတွက် ထိုက်တန်သော အချိန်အတိုင်းအတာတစ်ခု ရင်းနှီးမြှုပ်နှံရမည်ဟု ခိုင်မာစွာ ယုံကြည်သည်။ ထိုခံယူချက်က သူမ၏ အလုပ်သမားများကိုလည်း နည်းမှန်လမ်းမှန် ညွှန်ကြားနိုင်ရန်အတွက် အထောက်အကူပြုသည်။ " ကျွန်မက အလုပ်တစ်ခုကို အချိန်အတိုင်းအတာတစ်ခုတွင် ပြီးအောင် အလျင်စလိုလုပ်တာထက် ကိုယ်တတ်နိုင်သလောက် အကောင်းဆုံးလုပ်တာကိုပဲ ပိုသဘောကျတယ်။ " ထိုခံယူချက်မှာ ကျောင်း နှင့် မိဘများက သင်ကြားပေးခဲ့တာမဟုတ်ဘဲ သူမအတွက် သူမကိုယ်တိုင် ဆုံးဖြတ်ထားသည့်အရာ ဖြစ်ပါသည်။ သူမအား ယခုလက်ရှိရာထူးတွင် အချိန်မည်မျှကြာ ဆက်လုပ်ဖို့ ရှိပါသလဲ ဟုမေးမြန်းသောအခါတွင်လည်း သူမက ထိုခံယူချက်အတိုင်း "ကျွန်မက ဘယ်အချိန်ဘာလုပ်မယ်ဆိုပြီး အချိန်ကာလတွေသတ်မှတ်ရတာမျိုးကို မကြိုက်ပါဘူး။ ဖြစ်နိုင်တာကတော့ ကျွန်မ တတ်နိုင်သလောက် အကောင်းဆုံးလုပ်ဆောင်နိုင်တယ်လို့ ကိုယ့်ကိုကိုယ်ကျေနပ်လက်ခံတဲ့ အချိန်ထိ ဆက်လုပ်သွားမှာပါ " ဟု ဖြေကြားခဲ့ပါသည်။

ထိုအပြင် ဒေါ်ခိုင်ခိုင်နွယ်က အထည်ချုပ်စက်ရုံမှာ စတင်လုပ်ကိုင်မည့် အမျိုးသမီးငယ်များအတွက်လည်း ဤလုပ်ငန်းခွင်၌ ပညာအရည်အချင်းနည်းသူများပင် အောင်မြင်နိုင်ကြောင်း ရှင်းပြထားပါသည်။

**" အထည်ချုပ်စက်ရုံတွေမှာ အလုပ်သမားတွေက မူလတန်းအောင် ၊ အလယ်တန်းအောင်ရုံနဲ့ ကြီးကြပ်သူတွေ ဖြစ်နိုင်ပါတယ်။ အလုပ်ကြိုးစားလုပ်ကိုင်ဖို့ စိတ်အားထက်သန်တဲ့ အမျိုးသမီးတွေအတွက် ဒီနေရာမှာ အခွင့်အလမ်းတွေ အများကြီးရှိပါတယ် "**

ဤကိုယ်ရေးရာဇဝင် စာတမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ( ILO ) ၏ " မြန်မာ့ အထည်ချုပ်လုပ်ငန်းတွင် စံချိန်စံညွှန်းပြည့်မီကောင်းမွန်သော အလုပ်နှင့် ရေရှည် ဖွံ့ဖြိုးမှုကိုရှေးရှုသော အလုပ်သမားများနှင့် ဆက်ဆံရေးကို တိုးတက်အောင်ပြုလုပ်ခြင်း" ( ILO-GIP) စီမံကိန်းအတွက် Factive Consulting မှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ILO-GIP ၏ရည်ရွယ်ချက်မှာ အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားများနှင့် ဆက်ဆံရေး၊ လူမှုရေး တွေ့ဆုံဆွေးနွေးမှု၊ နှင့် ကျားမ တန်းတူညီမျှမှု တို့ကို တိုးတက်အောင်ပြုလုပ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ဆင်းရဲမွဲတေမှုကို လျှော့ချရန် ဖြစ်သည်။ ယခုစီမံကိန်းကို Swedish International Development Cooperation Agency (Sida) နှင့် H&M တို့မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက https://bit.ly/ilo-gip တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

SWEDEN

H&M

